# ကျန်းမာရေးဆိုင်ရာ တရားဝင်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် ကုလရာသီအစည်းအဝေးများတွင် တေဒရော့စ်အဒါနွမ် တိုက်တွန်း



**ဂျီနီဗာ နိုဝင်ဘာ ၁၃**

ကမ္ဘာ့ရာသီဥတု အကျပ်အတည်းသည် ကျန်းမာရေး အကျပ်အတည်းလည်းဖြစ်သည်ဟုဆိုကာ ကော့ပ် ၃၀ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးများတွင် ကျန်းမာရေးဆိုင်ရာ တရားဝင်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် အချိန်ကျရောက်ပြီဖြစ်သည်ဟု နိုဝင်ဘာ ၁၂ ရက်တွင် ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တေဒရော့စ် အဒါနွမ်ဂေဘရေယေဆပ်က တိုက်တွန်းပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခင်အပတ်က ဘရာဇီးနိုင်ငံ၊ ဘေလမ်မြို့တွင် ကျင်းပသော ကုလသမဂ္ဂ၏ ကော့ပ် ၃၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု ဆွေးနွေးပွဲများတွင် ကျန်းမာရေးကို ပိုမိုအလေးထားရန်လည်း ၎င်းက တိုက်တွန်းသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ "ကျန်းမာရေးဟာ ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်အတွက် အရေးပါဆုံးသော အကြောင်းရင်းဖြစ်သည်။ သို့သော် အချိန်ကြာမြင့်စွာကတည်းက ကျန်းမာရေးဟာ ရာသီဥတုညှိနှိုင်းမှုတွေမှာ အရေးမပါတာလိုဖြစ်နေခဲ့သည်" ဟု တေဒရော့စ်က ထပ်လောင်းပြောကြားသည်။

"ရေခဲမြစ်တွေ ဒါမှမဟုတ် ဂေဟစနစ်တွေကို ကာကွယ်ဖို့ထက် မိမိတို့ရဲ့ ကိုယ်ပိုင်ကျန်းမာရေး ဒါမှမဟုတ် ကလေးတွေရဲ့ ကျန်းမာရေးကို ကာကွယ်ဖို့ အရေးတကြီးလိုအပ်ရာ လူတွေကို ဆွဲဆောင်စည်းရုံးဖို့က ပိုပြီးလွယ်ကူပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## တိုယိုတာ မော်တော်ကော်ပိုရေးရှင်း ဟိုက်ဘရစ်ကားထုတ်လုပ်မှုမြှင့်တင် မြောက်ကာရိုလိုင်းနားရှိ ဘက်ထရီစက်ရုံတွင်လည်း ထုတ်လုပ်မှု စတင်နေ

**တိုကျို နိုဝင်ဘာ ၁၃**

တိုယိုတာ မော်တော် ကော်ပိုရေးရှင်းသည် ဟိုက်ဘရစ်ကား ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ပြီး အမေရိကန်ပြည်ထောင်စုရှိ ထုတ်လုပ်မှုကဏ္ဍတွင် ငါးနှစ်အတွင်း ဒေါ်လာ ၁၀ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံရန် အစီအစဉ်များကို အတည်ပြုခဲ့ပြီးနောက် မြောက်ကာရိုလိုင်းနားရှိ ၎င်း၏ ဒေါ်လာ ၁၃ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ ဘက်ထရီစက်ရုံတွင် ထုတ်လုပ်မှု စတင်နေပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၊ တိုကျိုအခြေစိုက် ကားထုတ်လုပ်သူက အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများကို နိုဝင်ဘာ ၁၂ ရက်တွင်ကြေညာခဲ့သည်။

တိုယိုတာသည် ၎င်း၏ ဟိုက်ဘရစ်နှင့် လျှပ်စစ်ကားများအတွက် ဘက်ထရီများ ထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ် အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။ ယင်းစက်ရုံမှ ထွက်ရှိလာသော ဘက်ထရီများသည် ကမ်မရီ၊ ကော်ရိုလာခရော့စ်၊ အာအေဖိုးဖိုးတို့၏ ဟိုက်ဘရစ်ဗားရှင်းများနှင့် မကြေညာရသေးသော လျှပ်စစ်စွမ်းအင်သုံး အတန်းသုံးတန်းပါ ဘက်ထရီသုံးယာဉ်တစ်မျိုးအား ပါဝါပေးရန် သတ်မှတ်ထားသည်။

ထိုစက်ရုံသည် ကန်တူးကီရှိ စက်ရုံများနှင့် အလာဘားမားရှိ မာဇဒါနှင့် တိုယိုတာတို့၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအတွက် ဟိုက်ဘရစ်ဘက်ထရီများကို ထုတ်လုပ်ပေးလျက်ရှိသည်။

"လာမယ့် ငါးနှစ်အတွင်းမှာ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုစွမ်းရည်တွေကို ပိုမိုတိုးတက်စေဖို့အတွက် အမေရိကန်ပြည်ထောင်စုမှာ နောက်ထပ် ဒေါ်လာ ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံဖို့ စီစဉ်ထားပါတယ်၊ ဒါကြောင့် ဒီနိုင်ငံမှာ ကျွန်တော်တို့ရဲ့ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၆၀ ဘီလီယံ ကျော်အထိ ရောက်ရှိသွားမှာဖြစ်တယ်" ဟု တိုယိုတာ မော်တော် မြောက်အမေရိက၏ ဥက္ကဋ္ဌဖြစ်သူ တက်ဒ်အိုဂါဝါက ရှင်းလင်းပြောကြားသည်။

ဧက ၁၈၅၀ (၇၄၉ ဟက်တာ) အကျယ်အဝန်းရှိသော မြေနေရာတွင် တည်ရှိသည့် တိုယိုတာ၏ ၁၁ ခုမြောက် အမေရိကန်စက်ရုံသည် အပြည့်အဝလည်ပတ်နိုင်ပါက ပလပ်-အင် ဟိုက်ဘရစ်များနှင့် လျှပ်စစ်ကားများအတွက် ဘက်ထရီထုတ်လုပ်ရေးလိုင်း ၁၄ လိုင်း ထားရှိနိုင်မည်ဖြစ်ပြီး နှစ်စဉ် စွမ်းအင် ဂစ်ဂါဝပ်နာရီ ၃၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါစက်ရုံ၌ အဆုံးသတ်တွင် အလုပ်သမား ၅၀၀၀ ခန့်ကို အလုပ်ခန့်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## နေရပ်ပြန်ဒုက္ခသည်များကို ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းတန် သဘောတူစာချုပ်တွင် အာဖဂန်နစ္စတန် လက်မှတ်ထိုး

**ကဘူးလ် နိုဝင်ဘာ ၁၃**

အာဖဂန်နစ္စတန် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက အာဖဂန်ဒုက္ခသည်များကို ကူညီရန်အတွက် ဒိန်းမတ်ကော်မတီနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟု အေဂျင်စီက နိုဝင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါသဘောတူညီမှုအရ နေရပ်ပြန်ဒုက္ခသည်များကိုကူညီရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ခွဲဝေချထားမည်ဟု ကြေညာချက်တွင်ပါဝင်သည်။

နိုဝင်ဘာ ၁၂ ရက်က အိမ်နီးချင်းအီရန်နှင့် ပါကစ္စတန်တို့သို့ ရောက်ရှိနေသည့် အာဖဂန်ဒုက္ခသည်ပေါင်း ၁၀၆၃၇ ရှိသည်ဟု အာဖဂန်နစ္စတန်သို့ ပြန်လာသူများဆိုင်ရာ ပြဿနာဖြေရှင်းရေးကော်မရှင်က နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံသည် ၁၀ လအတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၅၃ သန်းကျော် ဝင်ငွေရရှိ

**ဖနောင်ပင် နိုဝင်ဘာ ၁၃**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ၁၀ လအတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၅၃ ဒသမ ၅ သန်း ဝင်ငွေရရှိခဲ့သည်ဟု နိုဝင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာအရ သိရသည်။

ရော်ဘာကြီးကြပ်ရေးအဖွဲ့မှ ပြုလုပ်ထားသော အစီရင်ခံစာအရ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ရော်ဘာတန်ချိန် ၂၅၇၃၂၂ တန် တင်ပို့နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ ပြည်တွင်း၌ ရော်ဘာစေး သုံးစွဲမှုမှာ တန်ချိန် ၉၉၁၁၈ တန်ရှိပြီး ရောင်းချရမှုမှဝင်ငွေ ၁၇၉ သန်း ရရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၄၂၅၄၄၃ ဟက်တာ ကျယ်ဝန်းသော ဧရိယာတွင် ရော်ဘာပင်များစိုက်ပျိုးထားပြီး ၇၇ ဒသမ ၆ ရာခိုင်နှုန်းသည် ရော်ဘာစေးခြစ်ယူရန် လုံလောက်သည့်အရွယ်သို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၌ လူပေါင်း ၂၅ သန်းခန့်မှာ အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့မှုဖြစ်ပွား

**ဂျီနီဗာ နိုဝင်ဘာ ၁၃**

ကွန်ဂိုဒီမိုရက်တစ်သမ္မတနိုင်ငံ (ဒီအာစီ)၌ လူပေါင်း ၂၅ သန်းခန့် (နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်) မှာ ကြီးမားသည့် အစားအစာ မလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၂ ရက်က ပြောကြားသည်။

ကွန်ဂိုနိုင်ငံသည် အထူးသဖြင့် အစားအစာမလုံလောက်မှုဒဏ်ကို ခံစားနေရသည့် နိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ်ရှိနေကြောင်း၊ ယင်းအရေအတွက်မှာ ၂၀၂၆ ခုနှစ် ပထမ နှစ်ဝက်အတွင်း လူပေါင်း ၂၇ သန်းခန့်အထိ တိုးလာနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောကြားသည်။

**ဆင်ဟွာ**

## ခြေကျင်လာရောက်သူများနှင့် ဒေသခံများကိုပါ ဝန်ဆောင်မှုပေးနိုင်ရန် စင်ကာပူ ဓာတ်ဆီဆိုင်များ မတူကွဲပြားအောင် လုပ်ဆောင်လျက်ရှိ



**စင်ကာပူ နိုဝင်ဘာ ၁၃**

စင်ကာပူနိုင်ငံရှိ ဓာတ်ဆီဆိုင်များသည် မော်တော်ယာဉ်မောင်းသူများအတွက်သာမကဘဲ ခြေကျင်လာရောက်သော ဝယ်ယူသူများနှင့် အနီးနားရှိ ဒေသခံများကိုပါ ဝန်ဆောင်မှုပေးနိုင်ရန် ၎င်းတို့၏ ကမ်းလှမ်းမှုများကို မတူကွဲပြားအောင် လုပ်ဆောင်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယာဉ်မောင်းသူများ ၎င်းတို့၏ ကားများ အားသွင်းနေစဉ် ဝန်ဆောင်မှုပေးသောနေရာများ၌ ပိုမိုကြာကြာ အချိန်ဖြုန်းနိုင်သည့် လျှပ်စစ်ကားများဆီသို့ ပြောင်းလဲရန်အတွက် ပြင်ဆင်ထားခြင်းဖြစ်သည်ဟု လုပ်ငန်းရှင်များက ပြောကြားသည်။

ယခင်လက ကတုန်းရပ်ကွက်ရှိ ဒန်းမန်းလမ်းတစ်နေရာတွင် ဖွင့်လှစ်ခဲ့သော စီနာဂျီဓာတ်ဆီဆိုင်တွင် ဂျူးချပ်၏ ရှေးဟောင်းအမွေအနှစ် တိုက်ခန်းဆိုင်များကို သရုပ်ဖော်ထားသည့် နံရံဆေးရေးပန်းချီတစ်ခုက ထိုဧရိယာ၏ ပီရနကန် အမွေအနှစ်အဖြစ် ဂုဏ်ပြုဖော်ပြထားသည်။

လာမည့်နှစ်အစောပိုင်းတွင် ဘူတာရုံ၏ ထောင့်တစ်နေရာ (လက်ရှိတွင် အချိုရည်နှင့် မုန့်များ ရောင်းချသည့် စက်များဖြင့် နေရာယူထားသည့်နေရာ) ကို ပီရနကန် အစားအစာများ ရောင်းချပေးမည့် စားသောက်ဆိုင်ငယ်များအဖြစ် ပြောင်းလဲရန် အစီအစဉ်များရှိသည်ဟု ဆိုသည်။

စီနာဂျီ ဓာတ်ဆီဆိုင်ပိုင်ရှင်မှာ ၂၀၀၉ ခုနှစ်တွင် တီးတပ်လမ်းဟောင်းရှိ ဆိုင်တစ်ဆိုင်ဖြင့် ဓာတ်ဆီဆိုင်လုပ်ငန်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀-၀

## ဂျပန် လက်ကားဈေးနှုန်းများ ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာ၊ သွင်းကုန်စရိတ်များ ကျဆင်းသဖြင့် ယခင်လကထက် နှေးကွေး

**တိုကျို နိုဝင်ဘာ ၁၃**

ဂျပန်ဗဟိုဘဏ်က နိုဝင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သော အချက်အလက်များအရ ဂျပန်နိုင်ငံ၏ လက်ကားဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်ကထက် အောက်တိုဘာလတွင် ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း တစ်စိတ်တစ်ပိုင်းအားဖြင့် သွင်းကုန်စရိတ်များ ကျဆင်းသဖြင့် ယခင်လကထက် နှေးကွေးလာသည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုမ္ပဏီများမှ ၎င်းတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် အချင်းချင်း ကောက်ခံသည့် ဈေးနှုန်းများကို တိုင်းတာသော ကော်ပိုရိတ်ကုန်ပစ္စည်းဈေးနှုန်း အညွှန်းကိန်း မြင့်တက်မှုသည် ပျမ်းမျှဈေးကွက် ခန့်မှန်းချက် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မှုနှင့် နှိုင်းယှဉ်ပါက ပိုများလာသည်။ စက်တင်ဘာလတွင် ပြန်လည်ပြင်ဆင်ထားသည့် ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုနောက်ပိုင်း ထိုသို့မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယန်းငွေအခြေခံ သွင်းကုန်ဈေးနှုန်းအညွှန်းကိန်းသည် စက်တင်ဘာလတွင် ပြန်လည်ပြင်ဆင်ထားသည့် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းမှုနောက်ပိုင်း အောက်တိုဘာလတွင် ပြီးခဲ့သည့်နှစ်ကထက် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အချက်အလက်များက ဖော်ပြသည်ဟု သိရသည်။

လက်ကားဈေးနှုန်းဆိုင်ရာ အချက်အလက်များသည် ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒချမှတ်ရာတွင် အဓိကတိုင်းတာသည့် စားသုံးသူငွေကြေးဖောင်းပွမှု၏ ရှေ့ပြေးညွှန်းကိန်းအဖြစ် စိစစ်သည့် အကြောင်းအရာများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**Mon**






## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ကစားသမားဘဝ နောက်ဆုံးပြိုင်ပွဲဟု စီရော်နယ်လ်ဒို ပြောကြား



**လန်ဒန် နိုဝင်ဘာ ၁၃**

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် မိမိ၏ ကစားသမားဘဝ နောက်ဆုံးပြိုင်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်အထိ ယှဉ်ပြိုင်ကစားထားနိုင်ခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၃ မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၂၂၅ ပွဲကစားကာ ၁၄၃ ဂိုးအထိ သွင်းယူထားသည်။

စီရော်နယ်လ်ဒိုက "၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲက ကစားသမားဘဝ နောက်ဆုံးပြိုင်ပွဲပါ။ ကျွန်တော့်အသက် ၄၀ လည်း ကျော်ခဲ့ပါပြီ။ ကစားသမားဘဝ အနားယူရမယ့် အချိန်ကိုလည်း တဖြည်းဖြည်း ရောက်ဖို့ နီးစပ်နေပါပြီ။ ကျွန်တော် ဘောလုံးအတွက်လည်း ၂၅နှစ်တာကာလပတ်လုံး အကောင်းဆုံးပေးဆပ်ခဲ့ ပြီးပါပြီ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ဖူလ်ဟမ်အသင်းနည်းပြရာထူးမှ နည်းပြ မာကိုဆေးလ်ဗား ထုတ်ပယ်ခံရဖွယ်ရှိ



**လန်ဒန် နိုဝင်ဘာ ၁၃**

ဖူလ်ဟမ်အသင်းသည် လက်ရှိအချိန်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ မာကိုဆေးလ်ဗားကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိသည်။

ဖူလ်ဟမ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ပွဲကစားအပြီးတွင် ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၁၅)နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ မာကိုဆေးလ်ဗားကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။ (ဝဲပုံ)

နည်းပြ မာကိုဆေးလ်ဗားသည် ဖူလ်ဟမ်အသင်းကို ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၉၈ပွဲတွင် ၈၆ပွဲနိုင်၊ ၄၃ ပွဲသရေ၊ ၆၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ မာကိုဆေးလ်ဗားအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဖူလ်ဟမ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

## ဗီတင်ဟာ၏ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၃၀ အထိ ပီအက်စ်ဂျီအသင်း အလိုရှိ

**လန်ဒန် နိုဝင်ဘာ ၁၃**

ပီအက်စ်ဂျီအသင်းသည် အသင်း ကွင်းလယ်ကစားသမား ဗီတင်ဟာ၏ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၃၀ အထိ အလိုရှိနေသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်၊ လီဗာပူး၊ ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဗီတင်ဟာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၉ ပွဲကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်၊ လီဗာပူး၊ ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်၊ လီဗာပူး၊ ဂျူဗင်တပ်အသင်းတို့အနေဖြင့် ပီအက်စ်ဂျီအသင်း အလိုရှိနေသည့် ပြောင်းရွှေ့ကြေးအား ပေးချေပြီး ဗီတင်ဟာကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)






## 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၂၄ ရက်တွင် စတင်မည်

**လန်ဒန် နိုဝင်ဘာ ၁၃**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၂၄ ရက်တွင် စတင်သွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီဂျစ်တင်းနစ်မယ် Mayar Sherif ဖြစ်သည်။ (NGB)

## ဂျိမ်းစ်ထရက်ဖို့ဒ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံရ

**လန်ဒန် နိုဝင်ဘာ ၁၃**

မန်စီးတီးအသင်း ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်သည် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံး အကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ ဂိုးသမားသည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ငါးပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂျိမ်းစ်ထရက်ဖို့ဒ်က "ကျွန်တော် လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံခဲ့ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ရရှိအောင်လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## နည်းပြ ရော့ဘ်အန့်ဝါ့သ်ကို နည်းပြသစ်အဖြစ် ဝုဖ်အသင်းခန့်အပ်

**လန်ဒန် နိုဝင်ဘာ ၁၃**

ဝုဖ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရော့ဘ်အန့်ဝါ့သ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဝုဖ်အသင်းနှင့် ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ရော့ဘ်အန့်ဝါ့သ်သည် နည်းပြဘဝတစ်လျှောက်တွင် လူတန်၊ ဝက်ဖို့ဒ်၊ မစ်ဒယ်ဘရော့စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဝုဖ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၂)နှစ်အရွယ်ရှိ ရော့ဘ်အန့်ဝါ့သ်က "ကျွန်တော် အခုလို ဝုဖ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းကို ရလဒ်ကောင်းတွေရရှိအောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို အာဆင်နယ်အသင်းဆွတ်ခူးသွားမည်ဖြစ်ကြောင်း စူပါကွန်ပျူတာ၏ Opta က ခန့်မှန်းခဲ့သည်။

* ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် ဝါရင့်တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းတွင် ကစားနေသော အော်စကာသည် အသင်းနှင့်အတူ လေ့ကျင့်ရေးပြုလုပ်နေစဉ် မေ့လဲသွားသောကြောင့် ဆေးရုံတွင် အရေးပေါ်ဆေးကုသမှု ခံယူခဲ့ရသည်။

(NGB)

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ - (အုပ်စုအဆင့်) ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၄-၁၁-၂၀၂၅ သောကြာနေ့ | ည ၁၁း၃၀ နာရီ | G | ဖင်လန် - မော်လ်တာ | မော်လ်တာ ၀-၁ ဖင်လန် |
| ၁၅-၁၁-၂၀၂၅ စနေနေ့ | နံနက် ၀၂း၁၅ နာရီ | L | ခရိုအေးရှား - ဖာရိုးကျွန်းစုများ | ဖာရိုးကျွန်းစုများ ၀-၁ ခရိုအေးရှား |
| " | " | L | ဂျီဘရော်လ်တာ - မွန်တီနီဂရိုး | မွန်တီနီဂရိုး ၃-၁ ဂျီဘရော်လ်တာ |
| " | " | A | လူဇင်ဘတ် - ဂျာမနီ | ဂျာမနီ ၄-၀ လူဇင်ဘတ် |
| " | " | G | ပိုလန် - နယ်သာလန် | နယ်သာလန် ၁-၁ ပိုလန် |
| " | " | A | ဆလိုဗက်ကီးယား - မြောက်အိုင်ယာလန် | မြောက်အိုင်ယာလန် ၂-၀ ဆလိုဗက်ကီးယား |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၄-၁၁-၂၀၂၅ သောကြာနေ့ | ညနေ ၄း၅၀ နာရီ | ဂျပန် - ဂါနာ |
| " | ညနေ ၅း၃၀ နာရီ | တောင်ကိုရီးယား - ဘိုလီးဗီးယား |
| " | ည ၇း၃၀ နာရီ | အိုမန် - ဆူဒန် |
| " | ည ၁၀း၃၀ နာရီ | အန်ဂိုလာ - အာဂျင်တီးနား |
| " | ည ၁၁း၀၀ နာရီ | ဆော်ဒီအာရေဗျ - အိုင်ဗရီကို့စ် |
| " | ည ၁၁း၃၀ နာရီ | ဥဇဘက်ကစ္စတန် - အီဂျစ် |
| ၁၅-၁၁-၂၀၂၅ စနေနေ့ | နံနက် ၀၀း၀၀ နာရီ | တူနီးရှား - ဂျော်ဒန် |
| " | နံနက် ၀၀း၃၀ နာရီ | ကူဝိတ် - တန်ဇန်းနီးယား |
| " | နံနက်၀၁း၃၀ နာရီ | မော်ရိုကို - မိုဇမ်ဘစ် |
| " | နံနက် ၀၇း၃၀ နာရီ | ပင်နီဇွဲလား - ဩစတြေးလျ |

